နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တိပိဋကဓရ

တိပိဋကကောဝိဒ

တိပိဋကဓမ္မဘဏ္ဍာဂါရိက

# သာသနာ့အာဇာနည်
# အရှင်မြတ် (၁၃) ပါး

တို့၏

## ထေရုပ္ပတ္တိအကျဉ်း

သာသနာ - ၂၅၅၆ ကောဇာ - ၁၃၇၄ ခရစ် - ၂၀၁၂

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တိပိဋကဓရ
တိပိဋကကောဝိဒ
တိပိဋကဓမ္မဘဏ္ဍာဂါရိက

# သာသနာ့အာဇာနည်
# အရှင်မြတ် (၁၃) ပါး

တို့၏


ထေရုပ္ပတ္တိအကျဉ်း

သာသနာ - ၂၅၅၆ ကောဇာ - ၁၃၇၄ ခရစ် - ၂၀၁၂

# တိပိဋကဓရ၊ တိပိဋကကောဝိဒ
# တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်မြတ် (၁၃–ပါး)


| စဉ် | ဘွဲ့တော် | စာမျက်နှာ |
|---|---|---|
| ၁ | ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ | ၁ |
| ၂ | ဆရာတော်ဘဒ္ဒန္တနေမိန္ဒ | ၅ |
| ၃ | ဆရာတော်ဘဒ္ဒန္တကောသလ္လ | ၉ |
| ၄ | ဆရာတော်ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ | ၁၃ |
| ၅ | ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ | ၁၇ |

| စဉ် | ဘွဲ့တော် | စာမျက်နှာ |
|---|---|---|
| ၆ | ဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ | ၂၁ |
| ၇ | ဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ | ၂၅ |
| ၈ | ဆရာတော်ဘဒ္ဒန္တဝံသပါလာလင်္ကာရ | ၂၉ |
| ၉ | ဆရာတော်ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ | ၃၃ |
| ၁၀ | ဆရာတော်ဘဒ္ဒန္တသုန္ဒရ | ၃၇ |
| ၁၁ | ဆရာတော်ဘဒ္ဒန္တကုန္ဒပါလ | ၄၁ |
| ၁၂ | ဆရာတော်ဘဒ္ဒန္တအဘိဇာတာဘိဝံသ | ၄၅ |
| ၁၃ | ဆရာတော်ဘဒ္ဒန္တကုန္ဒာစရိယ | ၄၉ |



စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့

မင်းကွန်းဓမ္မနာဒကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ


၏

**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ |
| ကျောင်းတိုက် | - | မင်းကွန်းဓမ္မနာဒကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော် (၈၁)၊ သိက္ခာတော် (၆၁) တွင်ပျံလွန်ပါသည်။(သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက် ဗုဒ္ဓဟူးနေ့ |
| မွေးရပ်ဇာတိနှင့် | - | မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးဆုံ၊ ဒေါ်ဆင် |
| ရှင်/ရဟန်းပြုခြင်း | - | ၁၀-နှစ်အရွယ်တွင် မြင်းခြံမြို့၊ မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတထံ၌ မယ်တော် ဒေါ်ဆင်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဖြစ်သည်။ ၁၂၉၂-ခုနှစ်၊ နောင်တန်ခူးလဆန်း ၆-ရက်နေ့တွင် စစ်ကိုင်းမြို့၊ မင်းကွန်းငွေတောင်တောရကျောင်းတိုက် ခဏ္ဍာသိမ်၌ |

| | | |
|---|---|---|
| | | ဓမ္မနာဒကျောင်း ဆရာတော် ဘဒ္ဒန္တပညာစက္ကကို ဥပဇ္ဈာယ်ပြု၍ မင်းကွန်းကျောင်း ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် သူဌေးကြီး ဆာဦးသွင်၊ ဒေါ်ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ |
| ပရိယတ္တိစာပေသင်ယူခြင်း | - | မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာကျောင်းဆရာတော်၊ မြင်းခြံမြို့ မင်းကျောင်း ဆရာတော်၊ စစ်ကိုင်းမြို့ ဓမ္မနာဒကျောင်းဆရာတော် စသည့် ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊ တိပိဋက ကောဝိဒ အောင်မြင်တော်မူခြင်း | - | ပထမကျော်၊ အစိုးရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ (ဝင့်သကာ၊) ဝိသိဋ္ဌတိပိဋကဓရ (၁၃၁၅)၊ မဟာတိပိဋကကောဝိဒ (၁၃၁၅) (၁၉၅၃) |
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို ၁၉၅၃-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |

| | |
|---|---|
| စာပေပရိယတ္တိသင်ကြားပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - ဆဋ္ဌသံဂါယနာတင်ပွဲတွင် အဖြေ ဝိသဇ္ဇကအဖြစ် ဆောင်ရွက်တော်မူ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်အဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး (၂) ခုနှင့် တိပိဋကနိကာယကျောင်းတိုက်ကြီးကို တာဝန်ယူတည်ထောင်ပေးခဲ့ပါသည်။ မဟာဗုဒ္ဓဝင်ကျမ်းကြီး အပါအဝင် ကျမ်းဂန်များ ပြုစုတော်မူခဲ့ပါသည်။ |
| သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - အဂ္ဂမဟာပဏ္ဍိတဘွဲ့ (၁၉၇၉)၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ (၁၉၈၄) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက (၁၉၉၁) |
| ဘဝနတ်ထံပျံလွန်တော်မူခြင်း | - ၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်၊ ၉-၂-၁၉၉၃ တွင် စစ်ကိုင်းတောင်ရိုး မင်းကွန်းဓမ္မနာဒကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။ |



မွန်ပြည်နယ်၊ မော်လမြိုင်မြို့

မဟာဝိသုတာရာမဓမ္မဗိမာန်ကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ နေမိန္ဒ


၏

**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တနေမိန္ဒ |
| ကျောင်းတိုက် | - | မဟာဝိသုတာရာမကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | ပခုက္ကူမြို့၊ မကွေးတိုင်း |
| အသက်၊ သိက္ခာ၊ ဝါ | - | သက်တော် (၆၄)၊ သိက္ခာတော် (၄၄) တွင် ပျံလွန်ပါသည်။ (သုခမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၂၈၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၈) ရက်၊ စနေနေ့ |
| မွေးရပ်ဇာတိနှင့် | - | မကွေးတိုင်း၊ မြိုင်မြို့၊ ဘင်းဂန်ကျေးရွာ။ |
| ခမည်းတော်၊ မယ်တော် | | ဦးဖိုးတစ်၊ ဒေါ်ထွားတုတ် |
| ရှင်/ရဟန်းပြုခြင်း | - | အသက် ၁၈-နှစ်အရွယ်တွင် မြိုင်မြို့နယ်၊ ငွေးပင်ကွင်းကျေးရွာ ပေတော ကျောင်းဆရာတော်ထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ပြုခဲ့ပါသည်။ ၁၃၀၉-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက် နေ့တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ သိမ်တော်ကြီး၌ ဆရာတော် |

| | | |
|---|---|---|
| | | ဘဒ္ဒန္တသုန္ဒရကို ဥပဇ္ဈာယ်ပြုလျက် တောင်သာမြို့နယ်၊ ကန်တော်ရွေ့ကျေးရွာ၊ ဦးဖိုးမြစ်၊ ဒေါ်ဖွားရှင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ |
| ပရိယတ္တိစာပေသင်ယူခြင်း | - | မြိုင်မြို့နယ်၊ ပေတောကျောင်းဆရာတော်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်း ဆရာတော်၊ မကွေးမြို့၊ မဟာဝိသုတာရာမကျောင်း ဆရာတော်၊ မန္တလေးမြို့၊ ခင်မကန်ကျောင်းဆရာတော်၊ ချမ်းသာကြီးတိုက် ဆရာတော် အစရှိသော ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူ ဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊ တိပိဋက ကောဝိဒ အောင်မြင်တော်မူခြင်း | - | သာသနဓဇသိရီပဝရဓမ္မာစရိယ၊ (သိရောမဏိ) တိပိဋကဓရ၊ တိပိဋကကောဝိဒ (၁၃၂၁) (၁၉၅၉) |

| | | |
|---|---|---|
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၁၉၅၉-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |
| စာပေပရိယတ္တိသင်ကြားပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၌ ပရိယတ္တိစာပေများကို နှစ်ပေါင်းများစွာ သင်ကြားပို့ချခဲ့ပြီး မော်လမြိုင်မြို့၌ မဟာဝိသုတာ ရာမ ဓမ္မဗိမာန်ကို ထူထောင်ခဲ့ပါသည်။ |
| သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | အဂ္ဂမဟာပဏ္ဍိတဘွဲ့ (၁၉၉၀)၊ |
| ဘဝနတ်ထံပျံလွန်တော်မူခြင်း | - | ၁၃၅၃-ခုနှစ်၊ နယုန်လပြည့် (၂၇-၅-၁၉၉၁) ရက်နေ့တွင် မော်လမြိုင်မြို့၊ မဟာဝိသုတာရာမဓမ္မဗိမာန်၌ ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။ |



ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊

ပဉ္စနိကာယကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ ကောသလ္လ

၏

**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တကောသလ္လ |
| ကျောင်းတိုက် | - | ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | ပြည်မြို့၊ ပဲခူးတိုင်း |
| အသက်၊ သိက္ခာ၊ ဝိုက်ား | - | သက်တော် (၆၈)၊ သိက္ခာတော် (၄၉)တွင် ပျံလွန်ပါသည်။ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၂၇၉-ခုနှစ်၊ နတ်တော်လဆန်း (၁၀)ရက်၊ တနင်္လာနေ့ |
| မွေးရာဇာတိနှင့် | - | ပဲခူးတိုင်း၊ ပြည်မြို့၊ ဝါးရုံဆိပ်ရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးဘိုးရင်၊ ဒေါ်ဒေါ်ခင်းစိန် |
| ရှင်/ရဟန်းပြုခြင်း | - | ၁၃-နှစ်အရွယ်တွင် ဝါးရုံဆိပ်ရွာ၊ မူလပရိယတ္တိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကန္တာစက္ကထံ၌ မိဘဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဖြစ်သည်။ ၁၃၀၈-ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ပြည်မြို့၊ ပွင့်လှသိမ်ကုန်း ကျောင်းတိုက်၊ ခဏ္ဍာသိမ်၌ ပွင့်လှသိမ်ကုန်း ကျောင်းတိုက်ဆရာတော်ကို |


ဥပဇ္ဈာယ်ပြုလျက် ဝါးရုံဆိပ်ရွာ ဦးချစ်စု၊ ဒေါ်မယ်တင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေသင်ယူခြင်း - ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဆရာတော်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် စသည့်ဆရာတော်ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊ တိပိဋက ကောဝိဒ အောင်မြင်တော်မူခြင်း - သာသနဓဇဓမ္မာစရိယ (၁၃၁၄)၊ တိပိဋကဓရ (၁၃၂၅)၊ တိပိဋကကောဝိဒ (၁၃၂၅) (၁၉၆၃)

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း - တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၁၉၆၃-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။

| | | |
|---|---|---|
| စာပေပရိယတ္တိသင်ကြားပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယကျောင်းတိုက်ကြီးကို တည်ထောင်၍ သံဃာ ၂၅၀-ကျော်တို့အား စီမံအုပ်ချုပ်တော်မူပြီး နိကာယ်ထွန်းကားရေးအသင်း စာမေးပွဲကြီးကို ထူထောင်ခဲ့သည်။ အနာဂါရိယဂုဏ်တော်နှင့် အဂါရိယရှုဖွယ်ကျမ်းစသည့် ကျမ်း (၆)ကျမ်း ပြုစုခဲ့သည်။ |
| သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | အဂ္ဂမဟာပဏ္ဍိတဘွဲ့ (၁၉၉၀)၊ |
| ဘဝနတ်ထံပျံလွန်တော်မူခြင်း | - | ၁၃၅၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁-ရက်(၁၆-၁၁-၁၉၉၅) တွင် ရန်ကင်းမြို့နယ်၊ ပဥ္စနိကာယကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။ |



ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ

၏


**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ |
| ကျောင်းတိုက် | - | မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ နန္ဒဝန်လမ်း၊ ရွှေကျင် |
| (အောင်မြင်သည့်ကျောင်းတိုက်) | | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော်(၅၉)၊ သိက္ခာတော် (၃၉)တွင် ပျံလွန်ပါသည်။ (ရွှေကျင်) |
| မွေးသက္ကရာဇ် | - | ၁၃၀၈-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက်၊ သောကြာနေ့ |
| မွေးရပ်ဇာတိနှင့် | - | စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးအောင်၊ ဒေါ်ခင်ကြည် |
| ရှင်/ရဟန်းပြုခြင်း | - | အသက် ၁၂-နှစ်အရွယ်တွင် ဝက်လက်မြို့နယ်၊ ရွှေစည်းခုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇဋိလထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဖြစ်သည်။ ၁၃၂၈-ခုနှစ်၊ ဝါဆိုလဆန်း ၉-ရက်နေ့တွင် ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိကျောင်းတိုက် ခဏ္ဍာသိမ်၌ |

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ သီလရှင်ဆရာကြီး ဒေါ်ရူပမာလာ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

| | | |
|---|---|---|
| ပရိယတ္တိစာပေသင်ယူခြင်း | - | ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ဆရာတော်၊ ရွှေစည်းခုံကျောင်း ဆရာတော်၊ စစ်ကိုင်းတောင်ရိုး တောင်ရေဦးအနောက်တိုက် ဆရာတော်၊ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်၊ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံရွှေကျင် တိုက်သစ် ဆရာတော် စသည့်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊ တိပိဋက ကောဝိဒအောင်မြင်တော်မူခြင်း | - | သာမဏေသကျသီဟ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ (၁၃၃၅) (၁၉၇၃) |

| | | |
|---|---|---|
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၁၉၉၉-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |
| စာပေပရိယတ္တိသင်ကြားပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးကို တည်ထောင်၍ သံဃာ ၃၅၀-ကျော်တို့အား စီမံ အုပ်ချုပ်တော်မူပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ သီလက္ခန်ဋီကာသစ်၊ ဝိနည်း ဋီကာသစ် စသော ကောက်နုတ် ရှင်းလင်းချက် ကျမ်းစာများ ပြုစုခဲ့ပါ သည်။ |
| သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | အဂ္ဂမဟာပဏ္ဍိတဘွဲ့ (၁၉၉၀) |
| ဘဝနတ်ထံပျံလွန်တော်မူခြင်း | - | ၁၃၆၈-ခုနှစ်၊ ကဆုန်လဆန်း ၃-ရက် (၂၄-၉-၂၀၀၆)နေ့တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ ဆေးကုသခံ သွားရောက်ရင်း ဘဝနတ်ထံ ပျံလွန်တော် မူပါသည်။ |



ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်

တိပိဋကဓရ၊ တိပိဋကကောဝိဒ၊
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက

# ဆရာတော် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ


၏

ထေရုပ္ပတ္တိအကျဉ်း

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တသိရိန္ဒာဘိဝံသ |
| ကျောင်းတိုက် | - | မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် |
| (အောင်မြင်သည့်ကျောင်းတိုက်) | | နန္ဒဝန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော်(၆၆)၊ သိက္ခာတော် (၄၆)ဝါ (ရွှေကျင်) |
| မွေးသက္ကရာဇ် | - | ၁၃၀၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆-ရက်၊ သောကြာနေ့ |
| မွေးရပ်ဇာတိနှင့် | - | မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ လက်ပံရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးရဲနိုင်၊ ဒေါ်တုတ်ခိုင် |
| ရှင်/ရဟန်းပြုခြင်း | - | အသက် ၁၄-နှစ်အရွယ်တွင် ဂန့်ဂေါမြို့နယ်၊ လက်ပံရွာကျောင်း ဆရာတော် ဘဒ္ဒန္တတိဿထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သမာဏေ ပြုခဲ့ပါသည်။ ၁၃၂၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈-ရက်နေ့တွင် ဂန့်ဂေါမြို့၊ ကန်တောရခဏ္ဍာသိမ်၌ တတိယ ကန်တောရဆရာတော် |

| | | |
|---|---|---|
| | | ဘဒ္ဒန္တဝိသုတကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ |
| ပရိယတ္တိစာပေသင်ယူခြင်း | - | ဂန့်ဂေါမြို့နယ်၊ လက်ပံရွာကျောင်း ဆရာတော် တောရကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော်၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဆရာတော် စသည့် ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ အောင်မြင်တော်မူခြင်း | - | သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ တိပိဋကဓရ(၁၃၄၀)၊ တိပိဋကကောဝိဒ (၁၃၄၆) (၁၉၈၄) |
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို ၁၉၉၉-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |

| | | |
|---|---|---|
| စာပေပရိယတ္တိသင်ကြားပို့ချခြင်း နှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်၌ စာသင်သား သံဃာ ၂၀၀-ကျော်တို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ပြီး တရားဓမ္မများ ဟောကြားပါသည်။ ပဋ္ဌမ၊ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် ဖြစ်ပါသည်။ |
| သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | အဂ္ဂမဟာပဏ္ဍိတ (၁၉၉၀) |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - | မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း |



ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊
တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**
**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ

၏


**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ |
| ကျောင်းတိုက် | - | တိပိဋကနိကာယကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော်(၅၈)၊ သိက္ခာတော် (၃၈)ဝါ၊ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၃၁၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈-ရက်၊ ဗုဒ္ဓဟူးနေ့ |
| မွေးရပ်ဇာတိနှင့် | - | မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ရွှေကျောင်းရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးဘရီ၊ ဒေါ်အုန်း |
| ရှင်/ရဟန်းပြုခြင်း | - | အသက် ၁၃-နှစ်အရွယ်တွင် ရေစကြိုမြို့နယ်၊ ရွှေကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒထံ၌ အဖွားဒေါ်ညက်အမှူးပြုသော ဆွေမျိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့တွင် ညောင်တုန်းမြို့နယ် ဆားမလောက်ရွာ၊ ရွာလယ်ကျောင်း |

ခဏ္ဍာသိမ်၌ ဆရာတော် ဘဒ္ဒန္တဝိစာရကို ဥပဇ္ဈာယ်ပြုလျက် ဆားမလောက်ရွာ ဦးဘိုး၀၊ ဒေါ်စိန်တင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

| | | |
|---|---|---|
| ပရိယတ္တိစာပေသင်ယူခြင်း | - | ရေစကြိုမြို့နယ်၊ ရွှေကျောင်းရွာ၊ ရွာလယ်ကျောင်း ဆရာတော် ရေစကြိုမြို့၊ သူဌေးကျောင်းတိုက်၊ နေဖြူမြို့ မဟာဝိဟာရ ကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက် စသည့် ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊ တိပိဋက ကောဝိဒ အောင်မြင်တော်မူခြင်း | - | ဓမ္မာစရိယ (အဂ္ဂမဟာအကျော်) ပါဠိပါရဂူ၊ တိပိဋကဓရ (၁၃၅၄) တိပိဋကကောဝိဒ(၁၃၅၆) (၁၉၉၅) |
| တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၂၀၀၁-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |

| | | |
|---|---|---|
| စာပေပရိယတ္တိသင်ကြားပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ တိပိဋကနိကာယ ကျောင်းတိုက်၌ စာသင်သားတို့အား စာပေပရိယတ္တိများကို သင်ကြားပို့ချပေးခဲ့ပြီး ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ တိပိဋက မဟာဂန္ဓဝင် စာသင်တိုက်ကြီးကို တည်ထောင်ပြီး တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်အဖြစ် တာဝန်ထမ်းဆောင် လျက်ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | အဂ္ဂမဟာပဏ္ဍိတ (၁၉၉၉) |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - | တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း |



ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊
ပိဋကသုံးပုံနိကာယ်ကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**
**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ

၏


**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ |
| ကျောင်းတိုက် | - | တိပိဋကနိကာယကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | အသက်(၄၉)နှစ်၊ သိက္ခာတော် (၂၉)ဝါ၊ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၃၂၅-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂-ရက်၊ သောကြာနေ့ |
| မွေးရပ်ဇာတိနှင့် | - | ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပန်းတော်စုရွာ၊ |
| ခမည်းတော်၊ မယ်တော် | | ဦးထွန်းတင်၊ ဒေါ်သန်းရီ |
| ရှင်/ရဟန်းပြုခြင်း | - | အသက်၁၁-နှစ်အရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မရမ်းရွာ၊ မဟာအောင်မြေဘုံသာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၄၅-ခုနှစ်တွင် အင်းစိန်ရွာမ ပရိယတ္တိ |

စာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့၊ ဦးရှိန်၊ ဒေါ်ပုလေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

| | | |
|---|---|---|
| ပရိယတ္တိစာပေသင်ယူခြင်း | - | မော်လမြိုင်ကျွန်းမြို့ မရမ်းရွာ မဟာအောင်မြေဘုံသာကျောင်း ဆရာတော်၊ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက် ဆရာတော်နှင့် စစ်ကိုင်းတောင်ရိုးမိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက် ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို  သင်ယူဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ အောင်မြင်တော်မူခြင်း | - | သာသနဓဇဓမ္မာစရိယ၊ ပါဠိပါရဂူ တိပိဋကဓရ(၁၃၅၉)၊ တိပိဋကကောဝိဒ(၁၃၆၁) (၁၉၉၉) |

| | |
|---|---|
| တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို ၂၀၀၅-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |
| စာပေပရိယတ္တိသင်ကြားပို့ချခြင်း နှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - စစ်ကိုင်းတိုင်း စစ်ကိုင်းတောင်ရိုး၊ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ပြီး ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ပိဋကသုံးပုံ နိကာယ်ကျောင်းတိုက်ကြီး၌ စာသင်သားတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချလျက် ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - မရရှိသေးပါ။ |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - ပိဋကသုံးပုံနိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း |



စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့

မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**

**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ


၏

**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တဝံသပါလာလင်္ကာရ |
| ကျောင်းတိုက် | - | တိပိဋကနိကာယကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | အသက်(၄၇)နှစ်၊ သိက္ခာတော် (၂၇)ဝါ၊ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၃၂၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက်၊ ဗုဒ္ဓဟူးနေ့ |
| မွေးရပ်ဇာတိနှင့် | - | စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးကျော်၊ ဒေါ်ကျင်မြိုင် |
| ရှင်/ရဟန်းပြုခြင်း | - | အသက်၁၁-နှစ်အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အောင်မြေဘုမ္မိ ဆရာတော်ထံ၌ ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၄၆-ခုနှစ်တွင် မန္တလေးမြို့၊ မှန်ကင်းပဋ္ဌာနတာရုံ ခဏ္ဍသိမ်၌ မုံရွာမြို့၊ ပဋ္ဌာနတာရုံကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ |

| | | |
|---|---|---|
| | | သူဌေးတန်းရပ်၊ ဒေါ်ရွှေညွန့်၊ သားကိုဌေးလွင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ |
| ပရိယတ္တိစာပေသင်ယူခြင်း | - | အောင်မြေဘုမ္မိဆရာတော်၊ ပဋ္ဌာတာရုံဆရာတော်၊ မင်းကွန်း တိပိဋက ဆရာတော်နှင့် မန္တလေး ဗန်းမော်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့် တိပိဋကဓရ၊ တိပိဋက ကောဝိဒ အောင်မြင်တော်မူခြင်း | - | သာမဏေကျော်၊ သာသနဓဇဓမ္မာစရိယ တိပိဋကဓရ(၁၃၅၉)၊ တိပိဋကကောဝိဒ(၁၃၆၁) (၁၉၉၉) |
| တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၂၀၀၅-ခုနှစ်တွင် ဆက်ကပ် ခံယူတော်မူခဲ့ပါသည်။ |

| | | |
|---|---|---|
| စာပေပရိယတ္တိသင်ကြားပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | စစ်ကိုင်းတိုင်း စစ်ကိုင်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးလျက်ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | မရရှိသေးပါ။ |
| လက်ရှိသီတင်းသုံးတော်မူရာကျောင်းတိုက် | - | တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်း |



စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့
မင်းကွန်းဓမ္မနာဒပရိယတ္တိစာသင်တိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**
**တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက**

# ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ


၏

**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ |
| ကျောင်းတိုက် | - | မင်းကွန်းဓမ္မနာဒကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | စစ်ကိုင်းတောင်ရိုး။ စစ်ကိုင်းတိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော် (၄၅)နှစ်၊ သိက္ခာတော် (၂၅)ဝါ၊ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၃၂၉-ခုနှစ်၊ တပေါင်းလဆန်း ၆-ရက်၊ တနင်္လာနေ့ |
| မွေးရပ်ဇာတိနှင့် | - | မန္တလေးတိုင်း။ မြင်းခြံမြို့နယ်၊ ကျောင်းကုန်းရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးထင်ပေါ်၊ ဒေါ်ပွား |
| ရှင်/ရဟန်းပြုခြင်း | - | အသက် ၁၁-နှစ်အရွယ်တွင် မြင်းခြံမြို့နယ်၊ ကျောင်းကုန်းရွာ၊ ရွှေညောင်ပင်ကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၄၉-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက် နေ့တွင် မန္တလေးမြို့ မှန်ကင်း ပဋ္ဌာနတာရုံကျောင်း |

| | | |
|---|---|---|
| | | ခဏ္ဍာသိမ်၌ ဆရာတော် ဘဒ္ဒန္တနာဂဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ဒေါ်စိန် သမီး ဒေါ်စန်းရီတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ |
| ပရိယတ္တိစာပေသင်ယူခြင်း | - | မြင်းခြံမြို့နယ်၊ ကျောင်းကုန်းရွာ၊ ရွှေညောင်ပင်ကျောင်း ဆရာတော်၊ ရေစကြိုမြို့နယ်၊ မဲကုန်းရွာ၊ ညောင်ပင်ကျောင်း ဆရာတော်၊ မင်းကွန်း ဓမ္မနာဒကျောင်းတိုက် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်၊ ဗန်းမော်ကျောင်းတိုက် ဆရာတော်တို့ထံ၌ ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊ တိပိဋက ကောဝိဒအောင်မြင်တော်မူခြင်း | - | ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော် (၁၃၄၇)<br>သာသနဓဇဓမ္မာစရိယ (၁၃၅၀)၊ တိပိဋကဓရ (၁၃၆၁)<br>တိပိဋကကောဝိဒ (၁၃၆၂) (၂၀၀၀) |

| | | |
|---|---|---|
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၂၀၀၆-ခုနှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |
| စာပေပရိယတ္တိသင်ကြားပို့ချခြင်း နှင့် သာသနာရေးဆောင်ရွက် တော်မူခြင်း | - | စစ်ကိုင်းမြို့၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်လျက် တိပိဋကနိကာယကျောင်းတိုက် မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သာသနာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အင်္ဂလန်နိုင်ငံတွင် ပညာတော်သင် ကြွရောက်လျက် ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | မရရှိသေးပါ။ |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - | မင်းကွန်းဓမ္မနာဒကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်း |



ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်
စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်

## တိပိဋကဓရ၊ တိပိဋကကောဝိဒ၊
## တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက

# ဆရာတော် ဘဒ္ဒန္တ သုန္ဒရ

၏

**ထေရုပ္ပတ္တိအကျဉ်း**


| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တသုန္ဒရ |
| ကျောင်းတိုက်<br>(အောင်မြင်သည့်ကျောင်းတိုက်) | - | စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊<br>သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော် (၅၇)နှစ်၊ သိက္ခာတော် (၃၇)ဝါ၊ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၃၁၇-ခုနှစ်၊ ကဆုန်လဆန်း ၈-ရက်၊ သောကြာနေ့ |
| မွေးရပ်ဇာတိနှင့်<br>ခမည်းတော်၊ မယ်တော် | - | မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကျောက်တိုင်ကျေးရွာ<br>ဦးသာဒွန်း၊ ဒေါ်ခင်ဖွား |
| ရှင်/ရဟန်းပြုခြင်း | - | အသက် ၁၂-နှစ်အရွယ်တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့၊ မန်ကျည်းချို ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့တွင် မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ တူးမောင်းကျောင်းတိုက် |

ခဏ္ဍာသိမ်၌ ဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြု၍ ဦးသန်း၊ ဒေါ်ခင်လှ၊ ဦးအောင်သိန်း၊ ဒေါ်စိမ်းရည်၊ ဦးဝင်းမောင်၊ ဒေါ်ဖြူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ် သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူခြင်း - မကွေးတိုင်း၊ မြိုင်မြို့၊ မန်ကျည်းချိုကျောင်းဆရာတော်၊ အမရပူရမြို့ တူးမောင်း ကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော်၊ ဗန်းမော်ကျောင်းတိုက် ဆရာတော်၊ ရန်ကုန်မြို့၊ အင်းစိန် ရွာမပရိယတ္တိ စာသင်တိုက် ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊ တိပိဋက ကောဝိဒအောင်မြင်တော်မူခြင်း - သာသနဓဇဓမ္မာစရိယ တိပိဋကဓရ (၁၃၆၂)၊ တိပိဋကကောဝိဒ (၁၃၆၅) (၂၀၀၄)

| | | |
|---|---|---|
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို ၂၀၁၀-ပြည့်နှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |
| စာပေပရိယတ္တိသင်ကြားပို့ချခြင်း နှင့် သာသနာရေးဆောင်ရွက် တော်မူခြင်း | - | သင်္ကန်းကျွန်းမြို့နယ်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချလျက်ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | မရရှိသေးပါ။ |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - | စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း |



စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့
မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်

တိပိဋကဓရ၊ တိပိဋကကောဝိဒ၊
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက

# ဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလ

၏

ထေရုပ္ပတ္တိအကျဉ်း

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တက္ကန္ဒပါလ |
| ကျောင်းတိုက် | - | တိပိဋကကျောင်းတော်၊ စကားဝါ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော် (၅၂)၊ သိက္ခာတော် (၃၂)ဝါ၊ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၃၂၂-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၀)ရက် တနင်္ဂနွေနေ့ |
| မွေးရပ်ဇာတိနှင့် | - | ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ မကျည်းကျွန်းကျေးရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးငွေတင်အောင်၊ ဒေါ်ပဲစိန် |
| ရှင်/ရဟန်းပြုခြင်း | - | ၁၂-နှစ်သားအရွယ်တွင် ရမ်းဗြဲမြို့နယ်၊ မကျည်းကျွန်းမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တသာသနထံ၌ အဖွားဒေါ်အေးမြဦးနှင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၄၃-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈-ရက်နေ့တွင် ပဲခူးမြို့၊ မျက်နှာတော် ကျောင်းတိုက် ခဏ္ဍသိမ်၌ |

ဆရာတော် ဘဒ္ဒန္တနာဂိန္ဒကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့၊ ဦးသိန်းအောင်၊ ဒေါ်မေမေခင်တို့၏ ပစ္စယာနုဂ္ဂဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

| | | |
|---|---|---|
| ပရိယတ္တိစာပေသင်ယူခြင်း | - | ရမ်းဗြဲမြို့နယ်၊ မန်ကျည်းကျွန်းမြောက်ကျောင်း ဆရာတော်။ ပဲခူးမြို့၊ မင်းကျောင်းဆရာတော်၊ မြောင်းမြမြို့၊ တိုက်သစ် ပဋ္ဌာနတာရုံ ဆရာတော်၊ စစ်ကိုင်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက် မင်းကွန်းဆရာတော်၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ဆရာတော်တို့ ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊တိပိဋက ကောဝိဒအောင်မြင်တော်မူခြင်း | - | သာသနဓဇသိရီပဝရဓမ္မာစရိယ၊ တိပိဋကဓရ (၁၃၆၂) တိပိဋကကောဝိဒ (၁၃၆၅) (၂၀၀၄) |

| | | |
|---|---|---|
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - | တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ၂၀၁၀-ပြည့်နှစ်တွင် ဆက်ကပ်ခံယူတော်မူခဲ့ပါသည်။ |
| စာပေပရိယတ္တိသင်ကြားပို့ချခြင်း နှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချလျက်ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | မရရှိသေးပါ။ |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - | တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း |



စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့
မဟာသုဗောဓာရုံကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**

# ဆရာတော် ဘဒ္ဒန္တ အဘိဇာတာဘိဝံသ

၏


**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တအဘိဇာတာဘိဝံသ |
| ကျောင်းတိုက် | - | မဟာသုဗောဓာရုံကျောင်းတိုက်၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော် (၄၄)၊ သိက္ခာတော် (၂၄)ဝါ၊ (ရွှေကျင်) |
| မွေးသက္ကရာဇ် | - | ၁၃၃၀-ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈-ရက်၊ တနင်္ဂနွေနေ့ |
| မွေးရပ်ဇာတိနှင့် | - | စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ဆင်နှင်းကျေးရွာ |
| ခမည်းတော်၊ မယ်တော် | | ဦးတင်ရ၊ ဒေါ်ညွန့်ခင် |
| ရှင်/ရဟန်းပြုခြင်း | - | ၁၃၄၁-ခုနှစ်၊ နတ်တော်လဆန်း ၁၁-ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ဆင်နှင်းကျေးရွာ၊ ဇမ္ဗူမင်္ဂလာ ရွှေရိပ်သာကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၄၉-ခုနှစ်၊ ပြာသိုလပြည့် ကျော် ၁-ရက်နေ့တွင် ဝက်လက်မြို့ သီရိရပ်၊ ဓမ္မာရုံကျောင်း သာသန |

ဝိလာသိနီ သိမ်တော်၌ စစ်ကိုင်းမြို့၊ မဟာ သုဓောဓာရုံကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ဝက်လက်မြို့၊ ကြံခိုင်ရပ်၊ ဦးသန်းထွန်း+ ဒေါ်ဟန်ညွန့်တို့၏ ပစ္စယာနုဂ္ဂဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေသင်ယူခြင်း - ဝက်လက်မြို့နယ်၊ ဆင်နင်းကျေးရွာကျောင်းဆရာတော်။ စစ်ကိုင်းမြို့၊ မဟာသုဓောဓာရုံကျောင်းတိုက် ဆရာတော်။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်။ မတ္တရာမြို့၊ သာသနဇောတိကာရုံကျောင်းဆရာတော်၊ နောင်ချိုမြို့၊ ကတီပင်ကျောင်း ဆရာတော် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း ဆရာတော် စသည်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါ သည်။

| | | |
|---|---|---|
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့်တိပိဋကဓရ၊တိပိဋက ကောဝိဒအောင်မြင်တော်မူခြင်း | - | သာသနဓဇဓမ္မာစရိယ၊ ပါဠိပါရဂူ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ၊ သက္យသီဟဓမ္မာစရိယ၊ တိပိဋကဓရ (၁၃၆၈) (၂၀၀၇)၊ တိပိဋကကောဝိဒ (၁၃၇၁) (၂၀၁၀) |
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ | - | မရရှိသေးပါ။ |
| စာပေပရိယတ္တိသင်ကြားပို့ချခြင်း နှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးလျက် ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း | - | မရရှိသေးပါ။ |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - | မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း |



စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့

မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်

**တိပိဋကဓရ၊ တိပိဋကကောဝိဒ၊**

# ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယ

၏

**ထေရုပ္ပတ္တိအကျဉ်း**

| | | |
|---|---|---|
| ဘွဲ့တော် | - | ဘဒ္ဒန္တက္ကန္ဒာစရိယ |
| ကျောင်းတိုက် | - | တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းမြို့၊ |
| (အောင်မြင်သည့်ကျောင်းတိုက်) | | စစ်ကိုင်းတိုင်းဒေသကြီး |
| အသက်၊ သိက္ခာ၊ ဂိုဏ်း | - | သက်တော် (၄၈)၊ သိက္ခာတော် (၂၈)ဝါ၊ (သုဓမ္မာ) |
| မွေးသက္ကရာဇ် | - | ၁၃၂၆-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက် တနင်္ဂနွေနေ့ |
| မွေးရပ်ဇာတိနှင့် | - | စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ မြူးတူးကျေးရွာ |
| ခမည်းတော်၊ မယ်တော် | | |
| ရှင်/ရဟန်းပြုခြင်း | - | ၁၃-နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သခွတ္တနယ် ကျေးရွာကျောင်းဆရာတော်ထံ၌ ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၄၆-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇-ရက်နေ့တွင် မန္တလေးမြို့၊ မှန်ကင်းကျောင်း ခဏ္ဍာသိမ်၌ ဆရာတော် ဘဒ္ဒန္တနာဂဝံသကို ဥပဇ္ဈာယ်ပြု |

လျက် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဦးကျော်သန်း+ဒေါ်ငွေးတင် တို့၏ ပစ္စယာနုဂ္ဂဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

| | | |
|---|---|---|
| ပရိယတ္တိစာပေသင်ယူခြင်း | - | ဘုတလင်မြို့နယ်၊ သခွတ္တနယ်ကျေးရွာကျောင်းဆရာတော်၊ မုံရွာမြို့၊ ပဋ္ဌာတာရုံကျောင်းတိုက်ဆရာတော်။ ဆားလင်းကြီးမြို့နယ်၊ မိုင်းမြို့၊ သဒ္ဓမ္မဇောတိကကျောင်းဆရာတော်။ မင်းကွန်းဓမ္မနာဒကျောင်းတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်၊ ဇန်းမော် ကျောင်းတိုက် ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းခဲ့ပါသည်။ |
| အမြင့်ဆုံးအောင်မြင်ခဲ့သည့် | - | သာသနဓဇဓမ္မာစရိယ၊ |
| စာမေးပွဲနှင့်တိပိဋကဓရ၊တိပိဋက | | တိပိဋကဓရ (၁၃၆၅)၊ တိပိဋကကောဝိဒ (၁၃၇၃) |
| တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ ဆက်ကပ်ခံရခြင်း | - | မရရှိသေးပါ။ |

| | | |
|---|---|---|
| စာပေပရိယတ္တိသင်ကြားပို့ချခြင်း နှင့် သာသနာရေးဆောင်ရွက်တော်မူခြင်း | - | စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်၌ ပရိယတ္တိစာပေများ သင်ကြားပို့ချလျက်ရှိပါသည်။ |
| သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်း | - | မရရှိသေးပါ။ |
| လက်ရှိသီတင်းသုံးတော်မူရာ ကျောင်းတိုက် | - | တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |